# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့
# ဒုတိယနေ့အစည်းအဝေးမှတ်တမ်း

## ၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
## (၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမတွင် ရွေးကောက်ခံ အမျိုးသားလွှတတော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို နံနက် ၁၀း၀၀ နာရီ အချိန်တွင် စတင်ကျင်းပပါသည်။

[ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ကွပ်ကဲသူအဖြစ် အမျိုးသား လွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး အခမ်းအနားမှူး အဖြစ် ဦးဝင်းဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အခုအချိန်ကစပြီး ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ ဒုတိယနေ့ အစည်းအဝေးကို စတင်ပါတော့မယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ပွဲကို နိုင်ငံတော်သမ္မတ နှင့် ဒုတိယ သမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၇ အရ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ကြီးကြပ်ကွပ်ကဲမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ။

## အစုအဖွဲ့ ဒုတိယနေ့ အစည်းအဝေး အထမြောက်ကြောင်း နှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးမှာ ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးကို တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ပေါင်း (၁၆၈)ဦး ရှိပြီး အစည်းအဝေးကို (၁၆၈)ဦးလုံး တက်ရောက်ပါတယ်။ ကိုယစားလှယ်ဦးရေစုစုပေါင်းရဲ့(၁၀၀)ရာခိုင်နှုန်း ရာခိုင်နှုန်းပြည့် တက်ရောက်တဲ့အတွက် ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ ဒုတိယနေ့အစည်းအဝေး အထမြောက်ကြောင်း နဲ့ စတင်ကျင်းပကြောင်း ကြေညာ အပ်ပါတယ်။ (သြဘာသံများ)

## ဒုတိယသမ္မတလောင်းအမည်စာရင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ ။** ။ ရွေးကောက်ခံအမျိုးသားလွှတ်တော် ကယ်စားလှယ်များ ခင်ဗျား။ ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့မှာ ကိုယ်စားလှယ်များက အဆိုတင်သွင်းထားတဲ့ ဒုတိယသမ္မတလောင်းနှစ်ဦးရဲ့ အမည်စာရင်းကို ကြေညာပါ့မယ်။

ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာ စိုင်းမောက်ခမ်း (ခေါ်) မောင်အုန်း နဲ့ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်တို့ ဖြစ်ပါတယ်။

## ဒုတိယသမ္မတရွေးချယ်တင်မြှောက်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ ။** ။ ဒုတိယသမ္မတလောင်းများကို နိုင်ငံတော်သမ္မတ နှင့် ဒုတိယသမ္မတများ အတွက် သတ်မှတ်ထားသည့်အရည်အချင်းများနဲ့ ပြည့်စုံခြင်း ရှိ/မရှိ စိစစ်ရေးအဖွဲ့က စိစစ်ရာမှာ အားလုံးပြည့်စုံမှုရှိကြောင်း တွေ့ရှိရပါတယ။

ဒါကြောင့် ဒုတိယသမ္မတလောင်းနှစ်ဦးအနက်မှ ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်နိုင်ရန် နိုင်ငံတော်သမ္မတ နှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက် ခြင်းဆိုင်ရာ နည်းဥပဒေ ၁၂ အရ ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေးပြီး ရွေးချယ် တင်မြှောက်မှာ ဖြစ်ပါတယ်။

ဆန္ဒမဲပေးပွဲ မစတင်မီမှာ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲပေးပုံပေးနည်းကို ရှင်းလင်းပြောကြားလိုပါတယ်။

ရွေးချယ်တင်မြှောက်ခြင်း ကို နိုင်ငံတော်သမ္မတ နဲ့ ဒုတယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၄ အရ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ဖို့ ဆန္ဒမဲပေးပွဲကို ဥက္ကဋ္ဌဖြစ်တဲ့ ကျွန်တော်ကိုယ်တိုင် ကြီးကြပ်ပြီး ဒုတယဥက္ကဋ္ဌကလည်း ပါဝင်ကူညီကြီးကြပ်သွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်အစုအဖွဲ့ အားလုံးရဲ့ ရှေ့မှောက်မှာ ထင်လင်းမြင်သာစွာ ဆောင်ရွက်မှာဖြစ်ပါတယ်။ အထူးအားဖြင် ပြောကြားလိတာကတော့ အားလုံးရဲ့ရှေ့မှောက်မှာဆတဲ့အပြင် ဒုတိယသမ္မတလောင်းများ၊ ၎င်းတို့ကို အဆိုပြုထားသူများနဲ့ ထောက်ခံသူများဟာ ဆန္ဒမဲပေးပုံအဆင့်ဆင့်ကို အစအဆုံး အနီးကပ် လာရောက်လေ့လာနိုင်ပါကြောင်း ဖိတ်ကြားပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဆန္ဒမဲလက်မှတ်တွေကို သတ်မှတ်ထားတဲ့နေရာမှာထုတ်ယူပြီး လျှို့ဝှက်ဆန္ဒပြုဖို့ ပြင်ဆင်ပေးထားတဲ့ နေရာတွေမှာ ဆန္ဒပြုနိုင်ပါတယ်။ ဆန္ဒပြုရာမှာ ဆန္ဒမဲလက်မှတ်မှာထောက်ခံသူကို မင်ဖြင့် အမှန်အမှတ်အသား၊ ကန့်ကွက်သူကို မင်ဖြင့် ကြက်ခြေခတ်အမှတ်အသား အထင်အရှားပြုရမှာဖြစ်ပါတယ်။

ဆန္ဒမဲလက်မှတ်ပေါ်မှာ မှားယွင်းရေးသားမိပါက ယင်းဆန္ဒမဲလက်မှတ်ကို ကျွန်တော့်ရှေ့မှောက်မှာ လာရောက်ပြသ ဖျက်ဆီးပြီးတော့မှ ဆန္ဒမဲလက်မှတ်အသစ်လဲလှယ်ပေးဖို့ တောင်းခံနိုင်ပါတယ်။

ဒီလိုတောင်းခံတဲ့နေရာမှာ တစ်ကြိမ်ရယ်လို့ သတ်မှတ်ထားခြင်းမရှိတဲ့အတွက် မှားယွင်းတိုင်း မှားယွင်းတိုင်း အားမနာတမ်းလာလဲပါ။ ကျွန်တော် လဲပေးပါ့မယ်။

ဆန္ဒမဲပေးပွဲမစတင်မီ ဆန္ဒမဲပေးပွဲမှာအသုံးပြုမယ့်ဆန္ဒမလက်မှတ်တွေကို နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၄၊ နည်းဥပဒေခွဲ(ဃ)နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ရှေ့မှောက်မှာ တာဝန်ပေးထားတဲ့ လွှတ်တော်ရုံး ညွှန်ကြားရေးမှူး က ရေတွက်ပြီးတော့ ကျွန်တော့်ထံဆက်လက်တင်ပြပါမယ်။ အားလုံးမြင်သာအောင် အပေါ်မှာ တက်ပြီးတော့ ရေတွက်ပြမှာဖြစ်ပါတယ်။

ယခုဆန္ဒမဲများကို ရေတွက်ပါ့မယ်။

**အချိန်၊ ၁၀:၀၆။**

[ဆန္ဒမဲပေးရာတွင် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်ပါသည်။]

**အချိန်၊ ၁၀း၁၁။**

**ဉက္ကဋ္ဌ။** ။ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ပွဲမှာ အသုံးပြုဖို့ လွှတ်တော်ရုံး ညွှန်ကြားရေးမှူး ယူဆောင်လာတဲ့ ဆန္ဒမဲလက်မှတ် အရေအတွက်မှာ (၁၈၀)ရွက်ဖြစ်ပါတယ်။ တက်ရောက်တဲ့ပုဂ္ဂိုလ်(၁၆၈)ယောက်ဖြစ်တဲ့အတွက် ပိုတဲ့ (၁၂)မဲ ကျွန်တော့်ထံမှာ ထားမှာဖြစ်ပါတယ်။

အခုအချိန်ကစပြီးတော့ ဒုတိယသမ္မတတစ်ဦးက ဆန္ဒပြုရွေးချယ်ဖို့ ဆန္ဒမဲလက်မှတ်တွေကို ရှေ့မှောက်မှာရှိတဲ့ လွှတ်တော်ရုံးဝန်ထမ်းအဖွဲ့ထံကနေ လက်ခံရရှိကြောင်းလက်မှတ်ရေးထိုးပြီး ထုတ်ယူကြဖို့ဖြစ်ပါတယ်။ လျှို့ဝှက်ဆန္ဒမဲပေးရာမှာ လွတ်လပ်စွာဆန္ဒပြုနိုင်ရန် အစည်းအဝေးခန်းမအတွင်း သီးသန့်စီစဉ်ထားတဲ့နေရာတွေမှာ ဆန္ဒပြုပြီးဆန္ဒမဲလက်မှတ်ကို ဆန္ဒမဲပုံးအတွင်း ထည့်ကြရမှာဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ ညာဘက်အခြမ်းမှာရှိတဲ ကိုယ်စားလှယ်များက ဆန္ဒမဲထုတ်ယူဖို့ကျွန်တော်ရဲ့ ညာဘက်အခြမ်းမှာလည်းကောင်း၊ အလယ်အကန့်မှာရှိတဲ့ ကိုယ်စားလှယ်များက ဆန္ဒမဲထုတ်ယူဖို့ ကျွန်တော့်ရဲ့ ဘယ်ဘက်အခြမ်းမှာလည်းကောင်း စီစဉ်ထားပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေ၊ နည်းဥပဒေအရ လွှတ်တော်တွင်းဆန္ဒမဲခွဲတဲ့ နေရာမှာ သာမန်အားဖြင့်ဆိုလျှင် လွှတ်တော်ဥက္ကဋ္ဌက ဆန္ဒမဲပေးခြင်းမပြုဘဲထောက်ခံမဲ နဲ့ ကန့်ကွက်မဲ တိုက်နေတဲ့အချိန်မှာသာ အနိုင်မဲပေးဖို့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ သို့သော် ဒုတိယသမ္မတလောင်း ရွေးချယ်တဲ့ကိစ္စ၊ သမ္မတလောင်းရွေးချယ်တဲ့ကိစ္စမှာ ဥက္ကဋ္ဌ သည် အများနည်းတူ ဆန္ဒမဲပေးရမှာဖြစ်ပါတယ်။ ဒီလို အများနည်းတူ ဆန္ဒမဲပေးတဲ့အခါမှာ ဥက္ကဋ္ဌအနေနဲ့ ဒီနေရာမှာ မပေးဘဲနဲ့ သိသာထင်ရှားအောင်အောက်မှာဆင်းပြီးတော့ ပထမဦးဆုံးပေးပါမယ်။ ဥက္ကဋ္ဌ က မဲပေးပြီးတဲ့နောက်မှာ ကျန်တဲ့ကိုယ်စားလှယ်များကို အတန်းလိုက်ခေါ်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌ ဒီကဆင်းတဲ့အချိန်မှာလွှတ်တော်ရဲ့ ထုံးတမ်းစဉ်လာအရ အားလုံးမတ်တပ်ရပ်ဖို့ဖြစ်ပါတယ်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဆန္ဒမဲပေးပါသည်။]

**အချိန်၊ ၁၀း၁၅။**

**ဉက္ကဋ္ဌ။** ။အားလုံးထိုင်ကြပါ။

ယခု A တန်းက စပြီးတော့ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ် ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ဒုတိယသမ္မတလောင်းများ၊ အဆိုပြုထားသူများနဲ့ ထောက်ခံသူများ အနီးကပ်လာပြီးကြည့်လို့ရပါတယ်။

[ A တန်းမှ F တန်းထိ လွှတ်တော်ကိုယ်စားလှယ်များ အတန်းလိုက် ဆန္ဒမဲလက်မှတ်များကို ထုတ်ယူ၍ ဆန္ဒမဲပေးကြပါသည်။]

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးက မဲလက်မှတ်ထုတ်ပေးတဲ့စာရင်းတွေ စိစစ်ပြီး အားလုံးပြီး/မပြီး သတင်းပို့ပါ။ လွှတ်တော်ကိုယ်စားလှယ်အားလုံး ဆန္ဒမဲလက်မှတ်ထုတ်ယူထားပြီးဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးနဲ့ ဆန္ဒမဲမပေးရသေးတဲ့ ပုဂ္ဂိုလ်လည်းရှိမယ် မထင်ပါဘူး။ အကြောင်းအမျိုးမျိုးကြောင့် ဆန္ဒမဲပေးဖို့ ပျက်ကွက်သွားတဲ့ ပုဂ္ဂိုလ်ရှိလျှင် မတ်တပ်ရပ်ပါ။ မရှိလျှင် ယခုအချိန်ကစပြီးတော့ ဒုတိယသမ္မတလောင်းများအား ဆန္ဒမဲပေးလို့ပြီးပါပြီ။ နိုင်ငံတော် သမ္မတနဲ့ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၄၊ နည်းဥပဒေခွဲ(ဇ)အရ ကိုယ်စားလှယ်များကို ထုတ်ပေးထားတဲ့ ဆန္ဒမဲလက်မှတ်အရေအတွက် နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိတဲ့ ဆန္ဒမဲလက်မှတ် အရေအတွက်တို့ ကိုက်ညီခြင်းရှိ/မရှိ ရေတွက်မှာဖြစ်ပါတယ်။

ရေတွက်ခြင်းမပြုမီ မဲပုံးရဲ့ ပြင်ပမှာ ချထားခဲ့တဲ့ ဆန္ဒမဲလက်မှတ် ရှိ/မရှိ ရှေ့တန်းမှာရှိတဲ့ ဒုတိယဥက္ကဋ္ဌက မိုက်ဖွင့်ပေးထားပါတယ်။ ကြည့်ပြီးတော့ မိုက်နဲ့သတင်းပို့ပါ။ အားလုံးလည်းကြည့်ကြပါ။

[ မဲပုံး၏ ပြင်ပတွင် ဆန္ဒမဲ ရှိ/မရှိ စိစစ်ပါသည်။ ]

**အချိန်၊ ၁၀း၄၀။**

**ဒုတိယဥက္ကဋ္ဌ။** ။ဥက္ကဋ္ဌကြီးခင်ဗျား။အားလုံးအပြင်မှာတစ်ခုမှမရှိပါဘူး။

**ဥက္ကဋ္ဌ။** ။ ဒုတိယဥက္ကဋ္ဌရဲ့ စစ်ဆေးတင်ပြချက်အရ မဲပုံးရဲ့ပြင်ပမှာ ချထားတဲ့ ဆန္ဒမဲလက်မှတ် လုံးဝမရှိကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ။ ယခုအချိန်ကစပြီးတော့ ထုတ်ပေးထားတဲ့ အရေအတွက်နဲ့ မဲပုံးထဲမှာရှိတဲ့အရေအတွက်ကို ညွှန်ကြားရေးမှူး က ရေတွက်ပြီး စစ်ဆေးပါ။ အဲဒီရေတွက်တဲ့အချိန်မှာ အနားမှာအခြားစာရွက်စာတမ်း ဘာမှမရှိအောင ဂရုပြုပြီးတော့ ဆောင်ရွက်ပါ။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုထုတ်ပေးထားတဲ့ ဆန္ဒမဲလက်မှတ်

အရေအတွက်မှာ (၁၆၈)မဲ ဖြစ်ပြီးယခု ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိတဲ့ ဆန္ဒမလက်မှတ် အရေအတွက် မှာလည်း (၁၆၈)မဲ ဖြစ်တဲ့အတွက် ကိုက်ညီမှုရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတ နှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၄၊ နည်းဥပဒေခွဲ(ဓ)၊ နည်းဥပဒေခွဲငယ်(၃) အရ ဆန္ဒမဲပေးပွဲ အထမြောက်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ။ရွေးကောကခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယသမ္မတလောင်းတစ်ဦးစီရရှိတဲ့ ဆန္ဒမဲလက်မှတ်များကို သီးခြားစီခွဲ၍ ရေတွက်မှာဖြစ်ပါတယ်။ ဒုတိယသမ္မတလောင်းတစ်ဦးချင်းစီအတွက် အဆိုပြု၊ ထောက်ခံထားကြတဲ့ ကိုယ်စားလှယ်များကို ဆန္ဒမဲလက်မှတ်ရေတွက်တဲ့ နေရာသို့ ကြွရောက်ကြည့်ရှုနိုင်ကြောင်း ထပ်မံဖိတ်ကြားပါတယ်။

လွှတ်တော်ရုံး ညွှန်ကြားရေးမှူး က ပယ်မဲဖြစ်နိုင်တဲ့ မဲမျိုးတွေ့လို့ရှိလျှင် အားလုံးစုစည်းပြီး ဥက္ကဋ္ဌထံ တင်ပြဖို့ဖြစ်ပါတယ်။ ဥက္ကဋ္ဌက ပယ်မဲ ဟုတ်/မဟုတ် ဆုံးဖြတ်ပေးမှာဖြစ်ပါတယ်။ စတင် ရေတွက်လို့ရပါပြီ။

ဒီမဲလက်မှတ်တစ်ခုက ထောက်ခံသူက အမှန်ခြစ်သွားတယ်။ ကန့်ကွက်သူကိုတော့ ကြက်ခြေမခတ်တဲ့အတွက် ပယ်မဲအဖြစ်သတ်မှတ်ပါတယ်။

နောက်ထပ် ဆန္ဒမဲလက်မှတ်တစ်ခုကလည်း တစ်ယောက်တည်း အမှန်ခြစ်ပြီးတော့ နောက်တစ်ယောက်ကို ကြက်ခြေ မခတ်တဲ့အတွက် ပယ်မဲအဖြစ်သတ်မှတ်ပါတယ်။

နောက်တစ်ရွက်လည်း တစ်ယောက်တည်းပဲ အမှန်ခြစ်ထားပြီးတော့ နောက်တစ်ယောက်ကို ကြက်ခြေမခတ်ထားတဲ့ မဲတစ်မဲ ထပ်ပြီးတော့တွေ့ပါတယ်။ ဒါတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ရှင်းပြမှာပါ။

နောက်တစ်ရွက် တစ်ဦးတည်းပဲ အမှန်ခြစ်ပြီးတော့ နောက်တစ်ဦးကို ကြက်ခြေခတ်မခြစ်တဲ့ ဆန္ဒမဲလက်မှတ်တစ်ခုကို ထပ်တွေ့ပါတယ်။

နောက်တစ်ရွက် တစဦးတည်းပဲ ဆန္ဒပြုပြီးတော့ နောက်တစ်ဦးကို ကြက်ခြေမခတ်တာ နောက်ထပ်တစ်ရွက် တွေ့ပါတယ်။

ဒီမဲကတော့ အကွက်မှားပြီး ခြစ်တာပါ။ ထောက်ခံ/ကန့်ကွက် ဆိုတဲ့ အကွက်မှာ မခြစ်ဘဲနဲ့ တစ်သီးပုဂ္ဂလ ဆိုတဲ့အကွက်မှာ ထောက်ခံရော၊ ကန့်ကွက်ရော နှစ်ခုလုံးခြစ်ထားတာတွေ့တဲ့အတွက် ပြီးတော့မှ ဆုံးဖြတ်ပေးပါမယ်။

နောက်တစ်ရွက် စာစောကလိုပဲ ထောက်ခံ/ကန့်ကွက်ဆိုတဲ့ အကွက်မှာ မခြစ်ဘဲနဲ့ တစ်သီးပုဂ္ဂလ ဆိုတဲ့အကွက်မှာခြစ်ထားတာရှိပါတယ်။ ဒီတစ်သီးပုဂ္ဂလဆိုတာကတော့ ဒုတိယသမ္မလောင်းအမည်စာရင်း တင်သွင်းတဲ့အချိန်မှာ တစ်သီးပုဂ္ဂလပါဝင်လို့ရှိရင် အဲဒီနေရာမှာတစ်သီးပုဂလကို ဒီရုံးကသတ်မှတ်ပေးရတဲ့နေရာမှာ အမှန်နဲ့ကြက်ခြေခတ်ခြစ်ထားပါတယ်။ ဒါပြီးတော့မှ ဆုံးဖြတ်ပါမယ်။

ဒီတစ်ရွက်ကတော့ တစ်ဦးတည်းကို အမှန်ခြစ်ပြီးတော့ ကျန်တဲ့တစ်ဦးကို ကြက်ခြေမခတ်ထားတဲ့အရွက်ဖြစ်ပါတယ်။ ဒီတစ်ရွက် က တစ်သီးပုဂ္ဂလ အကွက်ထဲမှာ သွားခြစ်ထားတာဖြစ်ပါတယ်။

ဒီတစ်ရွက်ကတော့ တစ်ဦး တည်းကို အမှန်ခြစ်ပြီးတော့ ကျန်တဲ့တစ်ဦးကို ကြက်ခြေမခတ်တဲ့ အရွက်ဖြစ်ပါတယ်။ အမှန်တော့ ခြစ်ထားတယ်။ ဒါပေမဲ့ အပေါ်ထိပ်ဆုံးက တစသီးပုဂ္ဂလဆိုတဲ့ စာထဲမှာသွားပြီးတော့ အမှန်ခြစ်ထားတယ်။ အောက်မှာ တစ်ယောက်ကိုမှ ဆန္ဒပြုမထားတဲ့အရွက်ဖြစ်ပါ တယ်။ ဒါကတော့ မည်သူ့ကို ဆန္ဒပြုမှန်း မသိတဲ့အရွက် ဖြစ်ပါတယ်။ အဲဒီတော့ ဒီမဲတွေ၊ မသေချာတဲ့မဲတွေနဲ့ပတ်သက်ပြီးတော့ နည်းနည်းရှင်းပြပါမယ်။

နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေနဲ့ နည်းဥပဒေများဆိုပြီး ရှိပါတယ်။ နည်းဥပဒေ ၁၂ အရ လျှို့ဝှက်ဆန္ဒမဲပေးပွဲ ကျင်းပတော့မယ်ဆိုပြီး ဥက္ကဋ္ဌ က ကြေညာတာဖြစ်ပါတယ်။ နည်းဥပဒေ ၁၂ အရ ကြေညာပြီးနောက် ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ခြင်းကို နည်းဥပဒေ ၁၄၊ နည်းဥပဒေခွဲ(က) မှ (စ)အထိ ဆောင်ရွက်ရမယ်။

နည်းဥပဒေခွဲ(စ) သက်ဆိုင်ရာ အစုအဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ်များသည် ဆန္ဒမဲလက်မှတ်ပုံစံ(၃)ကို ဆန္ဒမဲလက်မှတ်ထုတ်ယူရန် သတ်မှတထားသောနေရာများရှိ နည်းဥပဒေခွဲ(ခ)အရ ဖွဲ့စည်းထားသည့် လွှတ်တော်ရုံးဝန်ထမ်းအဖွဲ့၏တာဝန်ရှိဝန်ထမ်းထံမှ လက်ခံရရှိကြောင်း ပုံစံ(၅)တွင် လက်မှတ်ရေးထိုးရယူ၍ သတ်မှတ်ထားသော နေရာတွင် လျှို့ဝှက်ဆန္ဒပြုရမည်။ ယင်းသို့ ဆန္ဒပြုရာတွင် ဆန္ဒမဲလက်မှတ်၌ ထောက်ခံသူအား မင်ဖြင့် အမှန်အမှတ်အသားကိုလည်းကောင်း၊ ကန့်ကွက်သူအား မင်ဖြင့် ကြက်ခြေအမှတ်အသားကိုလည်းကောင်း အထင်အရှားပြုရမည်။ ထို့နောက် ဆန္ဒမဲလက်မှတ်ကို မိမိကိုယ်တိုင် မဲပုံးအတွင်းသို့ထည့်ရမည်။ ဒီနည်းဥပဒေတော့ ကိုယ်စားလှယ် တော်တော်များများလည်း ဖတ်ပြီးသားဖြစ်မှာပါ။ ဒီနည်းဥပဒေအရ ပယ်မဲအဖြစ်သတ်မှတ်ရခြင်း အကြောင်းရင်းတွေရှိပါတယ်။ ပယ်မဲအဖြစ် သတ်မှတ်တဲ့အကြောင်းရင်းတွေကတော့

ဆန္ဒမဲပုံးအတွင်းကို မထည့်ဘဲနဲ့ ပြင်ပမှာထားခဲ့တဲ့ ဆန္ဒမဲလက်မှတ် အရေအတွက်၊ တစ်ဦးထက်ပို၍ ထောက်ခံဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ် အရေအတွက်၊ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ် အရေအတွက်၊ အမှန် အမှတ်အသား(✔) နှင့် ကြက်ခြေခတ် အမှတ်အသား(✘)များမှအပ အခြားအမှတ်အသား ပြုထားတဲ့ ဆန္ဒမဲလက်မှတ် အရေအတွက်၊ မည်သူ့ကို ဆန္ဒပြုထားကြောင်း မသိနိုင်တဲ့ ဆန္ဒမဲလက်မှတ် အရေအတွက်၊ လွှတ်တော်ရုံးမှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးကိုယ်တိုင် လက်မှတ်ရေးထိုးထားခြင်းမရှိတဲ့ ဆန္ဒမဲလက်မှတ်၊ အတုပြုလုပ် ထားတဲ့ ဆန္ဒမဲလက်မှတ် ဆိုပြီးတော့ ဒါပယ်မဲပြုရမယ့် ကိစ္စဖြစ်ပါတယ်။

ပယ်မဲလို့သတ်မှတ်ထားတဲ့ အထဲမှာကြက်ခြေမခတ်ဘဲ၊အမှန်တစ်ခုတည်း ဖြစ်လို့ရှိလျှင် ပယ်မဲလို့မရေးထားပါဘူး။ အားလုံးသိအောင် ရှင်းပြတာပါ။ လွှတ်တော် ဆိုတာ ဥပဒေ၊ နည်းဥပဒေ တိတိကျကျ လိုက်နာရမှာမို့လို့ ရှင်းပြတာပါ။ ဒါပေမဲ့ နည်းဥပဒေ အရတော့ တရားမဝင်ဘူး။ ပယ်မဲသတ်မှတ်တဲ့ထဲမှာ မပါဘူး။ ဒါတစ်ဦးတည်း ကိုပဲ ဆန္ဒပြုတဲ့ မဲလက်မှတ်။

ဒီတစ်ရွက်က ဆန္ဒပြုရမယ့်အကွက်မှာ လုံးဝမပြုဘဲ အပေါ်က တစ်သီးပုဂ္ဂလ ဆိတဲ့ နေရာမှာ ဆန္ဒပြုတယ်။ ဒါကို ပယ်မဲအဖြစ် ဥက္ကဋ္ဌအနေနဲ့ ဆုံးဖြတ် ပါတယ်။ နောက်တစ်ခုကတော့ ဒီမဲ ၃ ရွက်က ထောက်ခံ/ကန့်ကွက် ဆိုတဲ့ အကွက်မှာ အမှန်နဲ့ ကြက်ခြေမခတ်ဘဲနဲ့ တစ်သီးပုဂ္ဂလဆိုတဲ့ အကွက်ကို မှားပြီး ခတ်ပါတယ်။ ဒီလိုကိစ္စတွေမှာ လွှတ်တော်တွင်းမှာ ဥက္ကဋ္ဌရဲ့အဆုံးအဖြတ်က အတည်ပါဘဲ။ ဥက္ကဋ္ဌရဲ့ အဆုံးအဖြတ်နဲ့ပတ်သက်ပြီးတော့ ပြန်လည်ဆွေးနွေးပိုင်ခွင့်မရှိပါဘူး။ သို့သော်လည်း အမျိုးသား လွှတ်တော်ကိုယ်စားလှယ်တွေဟာ ဒီဆန္ဒမဲပေးတဲ့ အတွေ့အကြုံကို ဒုတိယဥက္ကဋ္ဌ ရွေးတုန်းက တစ်ကြိမ်ပဲ ရှိပါသေးတယ်။ ရှိတဲ့အတွက် ဥက္ကဋ္ဌအနေနဲ့ သက်ညှာပြီး ပြန်ပြီးတော့ စဉ်းစားပေးပါမယ်။ အများဆန္ဒယူပြီးတော့ ဒီနေ့ဒီအချိန်အတွက်ပဲ ဒီအကွက်မှားတာသည် မည်သူ့ကိုထောက်ခံတယ် ဆိုတာ ထင်ရှားပါတယ်။ ထင်ရှားတဲ့အတွက် ဒီသုံးရွက်ကို အကွက်မှားပြီး တစ်သီးပုဂ္ဂလထဲမှာ အမှန်အမှတ်အသားရော၊ ကြက်ခြေအမှတ်အသားရော ပါတဲ့ သုံးရွက်ကို ထောက်ခံဆန္ဒမဲ သတ်မှတ်မလား၊ ပယ်မဲသတ်မှတ်မလား၊ မဲခွဲပါ့မယ်။ အဲဒီတော့ ထောက်ခံဆန္ဒမဲထဲမှာ ထည့်ဖို့ အတည်ဖြစ်တဲ့ မဲထဲမှာထည့်ဖို့ ဆန္ဒရှိတဲ့ ပုဂ္ဂိုလ်တွေ မတ်တပ်ရပ်ပါ။

[ ထောက်ခံဆန္ဒမဲအဖြစ်သတ်မှတ်လိုသည့် ပုဂ္ဂိုလ်များမတ်တပ်ရပ်၍ ဆန္ဒပြု ကြပါသည်။]

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ထိုင်ပါ။အရေအတွက်များပါတယ်။အားလုံးထင်ရှားပါတယ်။

နောက်တစ်ခု ကျွန်တော် တင်ပြပါမယ်။ ဒီနည်းဥပဒေ နဲ့ မကိုက်ညီတဲ့ မဲက(၈)ရွက်ရှိတယ်။ ဒီ(၈)ရွက်က တစ်ယောက်တည်းကိုပဲ အမှန်ခြစ်ပြီးတော့ ကျန်တဲ့သူကို ကြက်ခြေခတ်မထားပါဘူး။ နည်းဥပဒေရဲ့ ပယ်မဲဆိုတဲ့အထဲမှာဖော်ပြချက်က တစ်ဦးထက် ပိုပြီး ထောက်ခံဆန္ဒမဲ ပြုထားတယ်လို့ ယူရင်လည်းရတယ်။ တစ်ဦးတစ်ယောက် ကို ပြတ်ပြတ်သားသား ထောက်ခံတာ မဟုတ်ဘူးလို့ ယူလည်းရတယ်။ တစ်ဦးတစ်ယောက် တည်းကိုပဲ ဆန္ဒပြုတာထင်ရှားတယ်လို့ ယူရင်လည်းရတယ်။

ဒါကြောင့်မို ရွေးကောက်တင်မြှောက်တဲ့၊ မဲပေးတဲ့ အတွေ့အကြုံ နည်းသေး တဲ့အတွက် အခွင့်အရေးပေးတဲ့အနေနဲ့ အခုနလိုပဲ မဲခွဲပါမယ်။ ဒုတိယသမ္မတတို့၊ နိုင်ငံတော်သမ္မတလောင်း တို့ မဲပေးတဲ့နေရာမှာ သိပ်အရေးကြီးပါတယ်။ အဲဒီလို အရေးကြီးတဲ့အတွက် မနက်ဖြန်မှာ သမ္မတလောင်း ရွေးရမှာဖြစ်ပါတယ်။ ဒီလို အမှားမျိုး မပါဖို့အတွက် အထူးဂရုပြုကြဖို့ သတိပေးလိုပါတယ်။ အဒီမဲ (၈)ရွက်ကို အတည်ပြုတဲ ဆန္ဒမဲလို့ သဘောတူတဲ့ ပုဂ္ဂိုလ်များ မတ်တတ်ရပ်ပါ။

[ အတည်ပြုသည့် ဆန္ဒမဲအဖြစ်သတ်မှတ်လိုသော ပုဂ္ဂိုလ်များ မတ်တပ်ရပ်၍ ဆန္ဒပြုကြပါသည်။

**ဥက္ကဋ္ဌ။** ။ ထိုင်နိုင်ပါပြီ။ အားလုံးထင်ရှားပါတယ်။ အများရဲ့ ဆန္ဒအရ လိုက်လျောခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌအနေနဲ့ လိုက်လျောလို့ရပါတယ်။ ဥပဒေ၊ နည်းဥပဒေများကိုလုက်နာရမယ်ဆိုတာမှန်ပါတယ်။ သို့သော်လည်း ဒီဥပဒေ၊ နည်းဥပဒေ ကြောင့် မိမိဆောင်ရွက်မယ့်လုပ်ငန်းကို အနှောင့်အယှက်ဖြစ်တယ်ဆိုလျှင် အများသဘောတူ ဆိုင်းငံ့ထားလို့ရပါတယ်။

နောက်တစ်ခုကလည်း ဥက္ကဋ္ဌရဲ့ အဆုံးအဖြတ်သည် အတည်ဖြစ်သည် ဆိုသော်လည်း ဥက္ကဋ္ဌက အခွင့်အရေးပေးတဲ့အနေနဲ့ ဒီဆန္ဒမဲ(၈)ရွက် ကို အတည်ဖြစ်တဲ့ မဲ အနေနဲ့ သတ်မှတ်ကြောင်း ဆုံးဖြတ်ပါတယ်။

မဲများကို ရေတွက်ကြည့်ပါ။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အားလုံးရှေ့မှာ ထ မကြည့် သော်လည်း ထကြည့်သကဲ့သို့ဖြစ်အောင် အတတ်နိုင်ဆုံး ထင်ထင်ရှားရှားဆောင်ရွက်ပေးမှာ ဖြစ်ပါတယ။

တစ်သီးပုဂ္ဂလရဲ့အပေါ်ဆုံးမှာ သွားပြီးတော့ အမှန်ခြစ်ထားတဲ့ကိစ္စကတော့ ဒီပုဂ္ဂိုလ်နှစ်ယောက်စလုံးကို အမှန်လည်းခြစ်မထားပါဘူး။ ကြက်ခြေလည်း ခတ်မထားပါဘူး။ ဒါကြောင့် ဒီတစ်မဲကိုပဲ ပယ်မဲအဖြစ် ဆုံးဖြတ်ပါတယ်။ အဲဒီတော့ ပယ်မဲအနေနဲ့ တစ်မဲပဲ ရှိပါတယ်။ ဒီဆန္ဒမဲတွေကို ကိုက်၊ မကိုက် ပြန်စစ်ပါမယ်။ စောစောတုန်းက ဆန္ဒမဲ အပို(၁၂)ရကကို ကျွန်တော့ထံမှာ ထားပါတယ်။ နှစ်ယောက်မှားတဲ့အတွက် လာပြီးလဲပါတယ်။ ဒါကြောင့် ဒီမှာ(၁၀)ရွက် ကျန်ပါတယ်။ ကျွန်တော်တို့ယူလာတဲ့ မဲ(၁၈၀)နဲ့ အဲဒီထဲက ပယ်မဲနဲ့ ကိုက်ညီကြောင်း စစ်ဆေးပါမယ်။ ဆန္ဒမဲများကိုရေတွက်ပါမယ်။ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးက ရေတွက်လို့ရပါပြီ။

[ ဆန္ဒပြုထားသည့် ဆန္ဒမဲအရေအတွက်ကို ရေတွက်ပါသည်။]

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ။** ။ အဲဒီတော့ကိုယ်စားလှယ်နှစ်ယောက်ရဲ့ရရှိတဲ့ မဲက(၁၆၇)မဲ၊ ပယ်မဲက (၁)မဲ၊ မှားယွင်း၍ဆုတ်ဖြဲတာက (၂)မဲ၊ လက်ကျန်မဲက(၁၀)မဲဖြစ်ပါတယ်။ ဒါကြောင့် စတင်ထုတ်ယူတဲ့ ဆန္ဒမဲ(၁၈၀)နဲ့ ကိုက်ညီပါတယ်။ ကိုယ်စားလှယ်တစ်ဦးချင်း ရရှိတဲ့ ဆန္ဒမဲများကို ရေတွက်ပါမယ်။

[ ဆန္ဒပြုသည့် ဆန္ဒမဲလက်မှတ်များကို သီးခြားစီခွဲ၍ ရေတွက်ပါသည်။]

**အချိန်၊ ၁၁း၂၄။**

**ဥက္ကဋ္ဌ။** ။ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယသမ္မတလောင်း နှစ်ဦးရဲ့ ရရှိတဲ့ ဆန္ဒမဲတွေကို ခွဲခြားရေတွက်လို့ ပြီးပါပြီ။ ဒုတိယသမ္မတလောင်းများ ရရှိတဲ့ ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို ကြေညာပါမယ် -

- ရှမ်းပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၃) မှ ဒေါက်တာစိုင်းမောက်ခမ်း(ခေါ်) မောင်အုန်း ရရှိတဲ့ ထောက်ခံဆန္ဒမဲ (၁၄၀)မဲ၊
- ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁) မှ ဒေါက်တာအေးမောင် ရရှိတဲ့ ထောက်ခံဆန္ဒမဲ (၂၇)မဲ ဖြစ်ပါတယ်။

ဒုတိယသမ္မတရွေးချယ်တင်မြှောက်ပွဲမှာ ထောက်ခံဆန္ဒမဲ အများဆုံးရရှိသူကတော့ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃) မှ ဒေါက်တာစိုင်းမောက်ခမ်း(ခေါ်)မောင်အုန်း ဖြစ်ပါတယ်။

ဒါကြောင် နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတများ ရွေးခ ယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ(၁၈) အရ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ

အစုအဖွဲ့ က ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာစိုင်းမောက်ခမ်း(ခေါ်) မောင်အုန်း ကို ဒုတိယသမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ် တင်မြှောက်တဲ့ ဒုတိယသမ္မတ ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော် နာယက ထံ တင်ပြသွားမှာ ဖြစ်ပါတယ်။

## မေးခွန်းမေးမြန်းခြင်းများ၊ ဥပဒေ၊ နည်းဥပဒေ လက်စွဲစာအုပငယ်ဖြန့်ဝေခြင်း၊ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပရန် ပြည်ထောင်စုလွှတ်တော် နာယက၏ဖိတ်ကြားချက်ကိုပြောကြားခြင်းနှင့်ဒုတိယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များကို ဥက္ကဋ္ဌအနေနဲ့ ပြောကြား ရန်ရှိပါတယ်။ မေးခွန်း(၂)ခု ဥက္ကဋ္ဌထံကို ရောက်ရှိနေပါပြီ။ မေးခွန်းတွေက (၁၀)ရက် ကြိုတင်ရမှာဖြစ်တဲ့အတွက် နောက်(၁၀)ရက်မှာ ဒါတွေက ဆောင်ရွက်ရမယ့်ကိစ္စတွေ ဖြစ်ပါတယ်။ နောက်(၁၀)ရက်မှာ အစိုးရအဖွဲ့သစ်ပေါ်ရင်လည်း အစိုးရအဖွဲ့သစ်က ဖြေကြားဖို့ ဆောင်ရွက်ပေးပါမယ်။ အစိုးရအဖွဲ့သစ် မပေါ်သေးရင်လည်း အစိုးရအဖွဲ့ ဟောင်း က ဖြေကြားဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနကို ပို့ထားပါပြီ။ မေးခွန်းမေးတဲ့ အခါမှာ မလိုအပ်ဘဲ ရှည်လျားခြင်းမပြုဖို့ ကန့်သတ်ချက်ရှိပါတယ်။ ဒါကြောင့် လွှတ်လပ်ရေးရပြီးကာစက ဘယ်လိုဆောင်ရွက်ခဲ့ကြသလဲဆိုတာတွေကို မှတ်တမ်းဟောင်း တွေရှိတဲ့ ပုဂ္ဂိုလ်တွေလည်း သိရှိပါလိမ့်မယ်။ သို့သော် အားလုံးသိရှိအောင်ဆိုပြီးတော့ ပါတီအလိုက် တစ်အုပ်စီ ရှာဖွေပြီးတော့ ပေးထားပါတယ်။ အဲဒီတော့ ဒီအဟောင်းတွေကို ကျွန်တော်တို့ တစ်သွေမတိမ်း လိုက်နာရမယ်လို့တော့ မဆိုလိုပါဘူး။ ဒီအထဲက ခေတ်နဲ့ဆီလျော်ကိုက်ညီတဲ့ ကိစ္စတွေကို ဆက်လက် လိုက်နာ ဆောင်ရွက်သွားပါမယ်။ ခေတ်နဲ့ဆီလျော်ကိုက်ညီခြင်းမရှိခဲ့လျှင်လည်း အများသဘောတူဆုံးဖြတ်ပြီး ဆောင်ရွက် သွားဖို့ရှိပါတယ်။

နောက်တစ်ခုကတော့ ဥပဒေ၊ နည်းဥပဒေတွေထဲမှာ လွယ်လင့်တကူ ကြည့်ဖို့ရယ်၊ အလွတ်ရဖို့ရယ် လိုမယ်လို့ထင်တာလေးတေကို သုံးရက်အတွင်းမှာ အတိုမှတ် လက်ာလေးတွေနဲ့ ပြုစုပြီးတော့ အမျိုးသားလွှတ်တော်က ရွေးကောက်ခံကိုယ်စားလှယ်

တွေရော၊ တပ်မတော်သား ကိုယ်စားလှယ်တွေရော အားလုံးအတွက လက်ဆောင် အနေနဲ့ ပေးထားပါတယ်။

ဒါတွေဟာ အားလုံး ပြည့်စုံပြီလို့တော့ မဆိုနိုင်ပါဘူး။ ရက်တိုအတွင်းမှာ ဆောငရွက်တာဖြစ်တဲ့အတွက် မူရင်းနဲ့ ကွဲလွဲတာ ရှိ/မရှိ တိုက်ဆိုင်ပြီးတော့ မိမိ သဘောနဲ့မိမိ ပြင်ဆင်ပြီးတော့ အသုံးပြုပါ။ တတ်နိုင်သလောက်တော့ အားလုံးနီးပါး မှန်ကန်တယ်လို့ ကျွန်တော်တာဝန်ယူပါတယ်။

အဲဒီတော့ အစီအစဉ်အတိုင်း ဆက်ပြီးတော့သွားပါမယ်။ မနက်ဖြန်မနက် ၁၀ နာရီမှာ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခေါ်ယူပြီးတော့ သမ္မတလောင်းရွေးချယ်ပွဲ ကျင်းပမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ ဆန္ဒမဲပေးတာတွေ မမှားမယွင်းကြဖို့ သတိပေးလို ပါတယ်။ ဒီနေ့အတွက ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံမ်ား)

**အချိန်၊ ၁၁း၂၉။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာ ပါပြီခင်ဗျား။

[ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ ဒုတိယနေ့ အစည်းအဝေးကို ၁၁း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]